NSW Department of Education

**Best Start Kindergarten Assessment**

**Information for parents and carers**

# သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲဖြတ်စစ်ဆေးခြင်း

## မိဘများနှင့် အုပ်ထိန်းသူများအတွက် သတင်း အချက်အလက်များ

ချစ်ခင်လေးစားအပ်ပါသော မိဘများနှင့် အုပ်ထိန်း သူများ ခင်ဗျား

သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲ ဖြတ် စစ်ဆေးခြင်း လုပ်ငန်းကို ကျွန်ုပ်တို့ကျောင်း တွင် စာသင်နှစ်ကာလ 1 တွင် ဆောင်ရွက်ပါမည်။

သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲ ဖြတ်စစ်ဆေးခြင်းသည် နိုင်ငံအဝှမ်း ပြုလုပ်သော စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပြီး၊ စာသင်နှစ် အစမှာ  ကျောင်းသားတဦးစီ၏ စာတတ်မြောက်မှုနှင့်သင်္ချာ စွမ်းရည်တို့ကို ဆရာ ဆရာမများ ဖော်ထုတ်သိရှိ စေရန် အကူအညီပေးပါသည်။ အဆိုပါ အကဲဖြတ် စစ်ဆေးခြင်းသည် ကလေးတဦးချင်းစီ၏ သင်ယူ မှု လိုအပ်ချက်များကို အကောင်းဆုံး ပံ့ပိုးနိုင်မည့် သင်ခန်းစာများ ရေးဆွဲရာတွင် ဆရာ၊ ဆရာမများ ကို များစွာ အထောက်အကူပြုပါသည်။

ကလေးများသည် အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့်  အရည်အချင်း အမျိုးမျိုးဖြင့်၊ ကျောင်းကို ရောက်ရှိ လာကြသည်။ အချို့ကလေးများသည် စာအုပ်များ နှင့် ရင်းနှီးပြီးသား ရှိသလို စာလုံးအက္ခရာများကို မှတ်မိကြသည်။ သို့မဟုတ် ၎င်းတို့၏ အမည်များ ကို ရေးနိုင်ကြသလို နံပါတ် ၁၀ ထိလည်း ရေတွက် နိုင်ကြသည်။ အချို့သောကလေးများမှာ အထက် ဖော်ပြပါ အရည်အချင်းများ မရှိကြသေးပါ။

သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲ ဖြတ်စစ်ဆေးခြင်း လုပ်ငန်းသည် ဆရာ ဆရာမ များကို ကလေးတဦးချင်းစီနှင့်ထိုင်ပြီး ကလေး လုပ်ဆောင်နိုင်သည် အရာအပေါ် ဦးတည်ချက် ထား ပြောဆိုဆွေးနွေးရန် အထောက်အကူပြုပါ သည်။

ဤအကဲဖြတ်စစ်ဆေးခြင်းသည် စာမေးပွဲတခု မဟုတ်ပဲ သင့်ကလေး ကျောင်းတွင် သင်ယူမှုကို အထောက်အပံ့ ဖြစ်စေမည့် သင့်တော်သော အချက်အလက်များကို ဆရာ ဆရာမများအား ပံ့ပိုး ပေးခြင်း ဖြစ်သည်။ သင့်ကလေးအား အကဲဖြတ် စစ်ဆေးခြင်းတွင် မပါဝင်စေလိုပါလျှင် ကျေးဇူးပြု၍ ကျောင်းကို ဆက်သွယ် နိုင်ပါသည်။

သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲ ဖြတ်စစ်ဆေးခြင်း လုပ်ငန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ နောက်ထပ်တွဲ သတင်း အချက်အလက် စာရွက်တွင် ဖော်ပြထား ပါသည်။

သူငယ်တန်းကို အကောင်းဆုံးစတင်နိုင်ရန် အကဲ ဖြတ်စစ်ဆေးခြင်း လုပ်ငန်းနှင့်ပတ်သက်၍ မေးခွန်း များ မေးမြန်းလိုပါက ကျေးဇူးပြု၍ ကျောင်းကို ဆက်သွယ်နိုင်ပါသည်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းသို့ဆက်သွယ်ရန် စကားပြန်၏ အကူ အညီလိုအပ်ပါက တယ်လီဖုန်း စကားပြန် ဂန်ဆောင်မှု 131 450 ကို ခေါ်ဆိုပြီး သင့်၏ ဘာသာစကား ပြောဆိုနိုင်သော စကားပြန်ကို မေးမြန်းပါ။ စကားပြန်သည် ကျောင်းကို တယ်လီ ဖုန်းခေါ်ဆို၍ စကားပြောဆိုမှုကို ဘာသာပြန်ပေး ရန် တယ်လီဖုန်းလိုင်းပေါ်တွင် ရှိနေပါလိမ့်မည်။ ထိုဝန်ဆောင်မှုအတွက် သင်ကို အခကြေးငွေ တောင်းခံမည် မဟုတ်ပါ။

ကျောင်းအုပ်